စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက်
အတူတကွ လက်တွဲတော်လှန် တိုက်ပွဲဝင်နေကြသော အဖွဲ့များ၏

**ဘုံသဘောထား ရပ်တည်ချက်ပါ နိုင်ငံရေးဦးတည်ချက် (၆) ချက်**

(၁) စစ်အာဏာသိမ်းထားမှုကို ဖယ်ရှားပြီး မြန်မာစစ်တပ်၏ နိုင်ငံရေး၌ ပါဝင်နေခြင်းအား အဆုံးသတ်ရန်။

(၂) လက်နက်ကိုင်တပ်ဖွဲ့များ အားလုံးကို ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့် အရပ်သားအစိုးရ၏ စီမံအုပ်ချုပ်မှုအောက်၌ အပြည့်အဝ ထားရှိရန်။

(၃) ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အပြီးတိုင်ဖျက်သိမ်းရန်နှင့် ယင်းကို ပြန်လည်အသက် သွင်းရန် ကြိုးပမ်းမှုမှန်သမျှကို တိုက်ဖျက်ရန်။

(၄) သက်ဆိုင်သူများအားလုံး လက်ခံနိုင်သော ဖက်ဒရယ်နှင့် ဒီမိုကရေစီစနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရန်။

(၅) ထွက်ပေါ်လာသော ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုသစ်အား တည်ဆောက်ရန်။

(၆) ပဋိပက္ခအတွင်း မတရားကျူးလွန်ခံရသူများအတွက် တရားမျှတမှုရရှိရေးနှင့် အသွင် ကူးပြောင်းရေးကာလ တရားမျှတမှုရရှိရေး လုပ်ငန်းစဉ်ဖော်ဆောင်ရန်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ သတင်းလွှာ (၇/၂၀၂၆)

အမှတ်စဉ် (၇/၂၀၂၆) | http://www.nugmyanmar.org | ၂၀၂၆ ခုနှစ်၊ ဇူလိုင် (၄) ရက်

## ဒေါ်အောင်ဆန်းစုကြည် (၈၁) နှစ်မြောက် မွေးနေ့အထိမ်းအမှတ် CRPH နှင့် NUG ပူးတွဲကြေညာချက် ထုတ်ပြန်



ဒေါ်အောင်ဆန်းစုကြည်၏ (၈၁) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် CRPH နှင့် NUG တို့က နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး၊ အကြမ်းဖက်မှုရပ်တန့်ရေးနှင့် အစုလိုက်အပြုံလိုက် စစ်သားစုဆောင်းမှု ရပ်တန့်ရေးတို့ကို အရေးကြီးဦးစားပေးဆောင်ရွက်ရန် ပူးတွဲကြေညာခဲ့သည်။ ထို့အပြင် အဆိုပါကိစ္စရပ်များအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းက ဖိအားပေးဆောင်ရွက်ရန်လည်း တိုက်တွန်းထားပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးကို ဆက်လက်ကြိုးပမ်းသွားမည်ဟု ထုတ်ပြန်ထားသည်။

https://www.facebook.com/share/p/1Een-Qjecv2/

## ပြည်ထောင်စုဝန်ကြီးချုပ်ရုံးနှင့် စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရကြား လုပ်ငန်းလွှဲပြောင်းမှု အခမ်းအနား ပြုလုပ်

အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ်ရုံးနှင့် စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလ အစိုးရ တို့အကြား လုပ်ငန်းလွှဲပြောင်းခြင်း အခမ်းအနားကို ဇွန် ၁၀ ရက်တွင် အွန်လိုင်းမှတစ်ဆင့် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာဇော်ဝေစိုးနှင့်စစ်ကိုင်း ဖက်ဒရယ်ယူနစ် ကြားကာလအစိုးရ ဝန်ကြီးချုပ် ဦးစိုးဦးတို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး လုပ်ငန်းလွှဲပြောင်းခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း ရှင်းလင်းတင်ပြခဲ့ကြသည်။ ထို့နောက် သဘောတူညီထားသည့် လုပ်ငန်းလွှဲ ပြောင်းမှုများကို နှစ်ဖက်တာဝန်ရှိသူများက အတည်ပြုခဲ့ကြပြီး နိဂုံးချုပ်အမှာစကားများ ပြောကြားကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

https://www.facebook.com/share/p/1Dyk-YASYSW/

## စစ်အာဏာရှင်စနစ် ဖယ်ရှားရေး မြန်မာပြည်သူများကို ကမ္ဘာ့အသိုက်အဝန်း အကူအညီပေးရန် သံအမတ်ကြီး ဦးကျော်မိုး ထွန်း တောင်းဆို

စစ်အာဏာရှင်စနစ်ကို ဖယ်ရှားပြီး ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက် ကြိုးပမ်းနေသည့် မြန်မာ ပြည်သူများကို ကမ္ဘာ့အသိုက်အဝန်းက အပြည့်အဝ ပံ့ပိုးကူညီရန် ကုလသမဂ္ဂ ဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းက တိုက်တွန်းပြောကြားခဲ့သည်။ နယူးယောက်မြို့ ကုလသမဂ္ဂတွင် ကျင်းပသည့် လူသားချင်းစာနာမှုရေးရာ အစည်းအဝေး၌ မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုအကျပ်အတည်း ဆိုးရွားလာနေမှုနှင့် စစ်အုပ်စု၏ အကူအညီပိတ်ဆို့မှုများကို သံအမတ်ကြီးက ထောက်ပြခဲ့သည်။ ထို့အပြင် SCEF နှင့် မဟာမိတ်အင်အားစုများမှတစ်ဆင့် အရပ်သား ကာကွယ်ရေးနှင့် လူသားချင်းစာနာမှု အကူအညီများ ဆောင်ရွက်နေကြောင်းလည်း ပြောကြားခဲ့သည်။




https://www.facebook.com/share/p/199gHRV1Ze/

## မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လုံခြုံရေးနှင့် စီးပွားရေး အခြေအနေများ လုံးဝပြိုလဲနေဟု သံအမတ်ကြီး ဦးကျော်မိုးထွန်း ပြော

အကြမ်းဖက်စစ်အုပ်စုကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လုံခြုံရေးနှင့် စီးပွားရေး အခြေအနေများ လုံးဝပျက်စီး ပြိုလဲနေပြီဖြစ်ကြောင်းကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီး ဦးကျော်မိုးထွန်းက ကုလသမဂ္ဂ အစည်းအဝေးတွင် ပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင်ပြည်တွင်းနေရပ်စွန့်ခွာသူ ၃ဒသမ၇သန်းကျော်ရှိလာပြီးလူသားချင်း စာနာထောက်ထားမှု အကူအညီလိုအပ်သူ ၂၂ သန်းခန့်ရှိနေကြောင်းလည်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။ ထို့ပြင် စစ်အုပ်စု၏ အကြမ်းဖက်မှုများကြောင့် အရပ်သား ထောင်ပေါင်းများစွာ သေဆုံးခဲ့ပြီး လူနေအိမ်များ၊ စာသင်ကျောင်းများနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများစွာ ပျက်စီးခဲ့ကြောင်း ဦးကျော်မိုး ထွန်းက ပြောကြားခဲ့သည်။

https://www.facebook.com/share/p/1Bbg-d3uoXj/

## ILO ညီလာခံတွင် မြန်မာစစ်အုပ်စု၏ အလုပ်သမားအခွင့်အရေးချိုးဖောက်မှုများ ဆက်လက်အရေးယူရန် ဆုံးဖြတ်

အပြည်ပြည်ဆိုင်ရာအလုပ်သမားညီလာခံ (ILC) ၏ ၁၁၃ ကြိမ်မြောက် အစည်းအဝေးတွင်မြန်မာနိုင်ငံရှိအလုပ်သမားအခွင့်အရေးနှင့် လူ့အခွင့်အရေးအခြေအနေများကို ဆွေးနွေးပြီး အကြမ်းဖက်စစ်အုပ်စု၏ ချိုးဖောက်မှုများအပေါ်ဆက်လက်အရေးယူရန် ဆုံးဖြတ်ခဲ့ကြောင်းNUGကထုတ်ပြန်သည်။ အစည်းအဝေးတွင်မြန်မာနိုင်ငံဆိုင်ရာအထူးအစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပြီး ILOကွန်ဗင်းရှင်းများကို စစ်အုပ်စုက ချိုးဖောက်နေမှုများကို အဓိကထား ဆွေးနွေးခဲ့ကြသည်။ အာဏာသိမ်းကာလအတွင်းအလုပ်သမားသမဂ္ဂများနှင့်တက်ကြွလှုပ်ရှားသူများအပေါ် ဖမ်းဆီးနှိပ်စက်ခြင်း၊ ခြိမ်းခြောက်မှုများနှင့် အဓမ္မလုပ်အားပေးခိုင်းစေမှုများဆက်လက်ဖြစ်ပွားနေခြင်းအပေါ် စိုးရိမ်ကြောင်းလည်း ဖော်ပြခဲ့သည်။ ကော်မတီအနေဖြင့် စစ်အာဏာပိုင်များကို ILO စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်မှုအစီရင်ခံစာကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၁ ရက်မတိုင်မီ တင်ပြရန် တောင်းဆိုထားပြီး ယင်းတင်ပြချက်များကို နိုဝင်ဘာလတွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

*https://www.facebook.com/share/p/18owquZDkq/*

## ပြည်သူ့ခေါင်းဆောင်နှင့် ပြည်သူများ ပြန်လည်ဆုံဆည်းရေးအတွက် ကြိုးပမ်းနေကြောင်း ယာယီသမ္မတ ဒူဝါလရှီးလ ပြောကြား

ပြည်သူ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်ပြည်သူများပြန်လည်ဆုံဆည်းခွင့်ရရေးအတွက် အလေးအနက်ထား ကြိုးပမ်းနေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ ယာယီသမ္မတ ဒူဝါလရှီးလက ပြောကြားခဲ့သည်။ဒေါ်အောင်ဆန်းစုကြည်၏ (၈၀) နှစ်မြောက် မွေးနေ့အခမ်းအနားတွင် ယာယီသမ္မတက ပြည်သူ့အာဏာ ပြည်သူထံ ပြန်လည်အပ်နှံရေးနှင့် ပြည်သူခေါင်းဆောင် ပြန်လည်လွတ်မြောက်ရေးတို့ကိုဦးစားပေးကြိုးပမ်းနေကြောင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ပြည်သူလူထု၏ တော်လှန်ရေးလှိုင်းကို စိတ်ရှည်စွာဦးဆောင်နေကြောင်းနှင့် နောက်နှစ်တွင် ယင်းကဲ့သို့ ခွဲခွာရသည့်အခြေအနေ မရှိစေရန် မျှော်လင့်ကြောင်းလည်း ပြောကြားခဲ့သည်။

*https://www.facebook.com/share/p/1B-ht8Bbpeh/*

## ဒေါ်အောင်ဆန်းစုကြည်နှင့် တော်လှန်ရေးကို သပ်လျှိုခွဲထုတ်ရန် စစ်အုပ်စု ကြိုးပမ်းနေဟု ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်း ပြောကြား



အကြမ်းဖက်စစ်အုပ်စုသည် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တော်လှန်ရေးအင်အားစုများကို သပ်လျှိုခွဲထုတ်ရန် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းနေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဒေါ်အောင်ဆန်းစုကြည်၏ (၈၀) နှစ်မြောက် မွေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် ပြောကြားခဲ့သည်။ စစ်အုပ်စုသည် ၎င်း၏ ကျန်းမာရေးနှင့် အခြေအနေ မှန်ကို ပြည်သူနှင့် နိုင်ငံတကာထံ ဖုံးကွယ်ထားပြီး နိုင်ငံတကာကိုယ်စားလှယ်များနှင့် တွေ့ဆုံခွင့် ကိုလည်း ပိတ်ပင်ထားကြောင်း ထည့်သွင်းဖော်ပြထားသည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည် အားနေအိမ်အကျယ်ချုပ်ဟုဆိုသော်လည်း လက်တွေ့တွင် လူ့အခွင့်အရေးကင်းမဲ့သည့်နေရာ၌ သီးခြားဖမ်းဆီးထားခြင်းသာဖြစ်ပြီး နိုင်ငံရေးအရ ဓားစာခံအဖြစ် အသုံးချနေခြင်းဖြစ်ကြောင်းဝန်ကြီးချုပ်က ထောက်ပြထားသည်။ တစ်ဆက်တည်းတွင် “Proof of Life Campaign” ကို ထောက်ခံကြောင်းနှင့် မတရားဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးရန်လည်း တောင်းဆိုထားသည်။

*https://www.facebook.com/share/p/18u73QP6XH/*

## ဒေသတွင်းငြိမ်းချမ်းရေးအတွက် နိုင်ငံတကာမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ရန် NUG အသင့်ရှိကြောင်းထုတ်ပြန်

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အနေဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမိတ်ဖက်အားလုံးနှင့် နယ်စပ်ဒေသတည်ငြိမ်ရေး၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု တိုက်ဖျက်ရေးနှင့် ဒေသတွင်းငြိမ်းချမ်းရေးအတွက် အပြန်အလှန်အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုပြီး ရေရှည်တည်ငြိမ်ရေးကို အထောက်အကူပြုမည့် ဆက်ဆံရေးများ တည်ဆောက်သွားရန် အသင့်ရှိကြောင်း NUG နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်သည်။ NUG က မြန်မာနိုင်ငံ၏ ရေရှည်တည်ငြိမ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသော တရားဝင်အုပ်ချုပ်ရေးစနစ်တစ်ရပ် ပေါ်ပေါက်လာရန် လိုအပ်ကြောင်း ပြောကြားထားသည်။ ထို့အပြင် စစ်အုပ်စုနှင့် ဆက်စပ်သည့် ရင်းနှီးမြှုပ်နှံမှုများနှင့် သဘောတူညီချက်များသည် နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်မည်မဟုတ်ဘဲ စစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များကို ပိုမိုအားပေးရာ ရောက်နိုင်ကြောင်းနှင့် လက်ရှိသဘောတူညီချက်များတွင် ဥပဒေရေးရာ၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ အန္တရာယ်များ ရှိနိုင်ကြောင်း သတိပေးထားသည်။

https://www.facebook.com/share/p/14kH-qYAhext/

## တိုရွန်တိုမြို့ရှိ မြန်မာအသိုင်းအဝိုင်းနှင့် SCEF တွေ့ဆုံ

ကနေဒါနိုင်ငံ တိုရွန်တိုမြို့ရှိ မြန်မာအသိုင်းအဝိုင်းနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းရေးဦး ဆောင်ကောင်စီ (SCEF) ကိုယ်စားလှယ်အဖွဲ့တို့ မေ ၃၀ ရက်တွင် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပြီး လက်ရှိနိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ SCEF ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသို့ အသွင်ကူးပြောင်းရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။ ထို့အပြင် ပြည်ပရောက်မြန်မာပြည်သူများ၏ ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်ရှိ ကြောင်း ပြောကြားခဲ့ပြီး မြန်မာ့အရေးတွင် ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်ပေးကြရန်လည်း မေတ္တာရပ်ခံခဲ့ ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

https://www.facebook.com/share/p/18enK-SuJ5h/



# SCEF ကိုယ်စားလှယ်အဖွဲ့ ဗန်ကူးဗားမြို့တွင် မြန်မာမိသားစုများနှင့် လူထုတွေ့ဆုံပွဲ ပြုလုပ်




ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းရေးဦးဆောင်ကောင်စီ (SCEF) ကိုယ်စားလှယ်အဖွဲ့သည် ကနေဒါနိုင်ငံ အနောက်ပိုင်း ဗန်ကူးဗားမြို့ရှိ မြန်မာမိသားစုများနှင့် ဇွန် ၆ ရက်တွင် လူထုတွေ့ဆုံပွဲ ပြုလုပ်ခဲ့သည်။ အဆိုပါ တွေ့ဆုံပွဲတွင် SCEF ၏ လုပ်ငန်းစဉ်များ၊ နိုင်ငံရေးနှင့် စစ်ရေးပူးပေါင်း ဆောင်ရွက်မှုများ၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ ဆောင်ရွက်ချက်များကို ရှင်းလင်း ဆွေးနွေးခဲ့ပြီးတက်ရောက်လာသူများ၏ အကြံပြုချက်များကိုလည်း နားထောင်ခဲ့ကြသည်။ SCEF ကိုယ်စား လှယ်အဖွဲ့တွင် SCEF အတွင်းရေးမှူးအဖွဲ့ဝင်ဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်ဇင်မာအောင်၊ SCEF နိုင်ငံခြားရေးရာအဖွဲ့ဝင်များ ဖြစ်ကြသည့် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေး ကောင်စီမှ နန်ယပလိုနဲ့ ကရင်အမျိုးသားအစည်းအရုံးမှ စောနီးမရော့ဒ်တို့ ပါဝင် တက်ရောက်ခဲ့ကြသည်။

https://www.facebook.com/share/p/18tn-z11AqV/

# NUG စိုးမိုးနယ်မြေတွင် ဒေါ်အောင်ဆန်းစုကြည် (၈၁) နှစ်ပြည့်မွေးနေ့ အခမ်းအနား ကျင်းပ

အမျိုးသားညီညွတ်ရေးအစိုးရ စိုးမိုးထိန်းချုပ်နယ်မြေတစ်နေရာတွင် လူထုခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၈၁) နှစ်ပြည့်မွေးနေ့ အခမ်းအနားကို ဇွန် ၁၉ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အခမ်းအနားသို့ NUG ကာကွယ်ရေးဝန်ကြီး ဦးရည်မွန်၊ စစ်ကိုင်းဖက်ဒရယ်ယူနစ်အစိုးရမှ တာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်သူ့ကာကွယ်ရေးတပ် မတော်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားအတွင်း မွေးနေ့အမှတ်တရ စကားပြော ကြားမှုများ၊ မွေးနေ့ကိတ်မုန့် ခွဲခြင်း၊ Rose Movement Campaign ပြုလုပ်ခြင်းနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

https://www.facebook.com/share/p/18eW-gEjLKN/

# MDY-PDF တာဝန်ရှိသူနှစ်ဦးအား စုံစမ်းစစ်ဆေးမှု ဆက်လက်ဆောင်ရွက်နေဟု ကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်

ပြည်သူ့ကာကွယ်ရေးတပ်မတော် (မန္တလေး) မှ ရဲဘော်မုန်တိုင်းနှင့် ရဲဘော်နိုင်ကြီးတို့ကို တပ်ဖွဲ့ပိုင် ဘဏ္ဍာငွေကြေးနှင့် ရွှေများ ထုတ်ယူသုံးစွဲခဲ့မှုအပါအဝင် စည်းမျဉ်းစည်းကမ်း ချိုးဖောက်မှုများနှင့် ပတ်သက်၍ စုံစမ်း စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်နေကြောင်း NUG ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ စုံ စမ်းစစ်ဆေးမှုများအရ ရဲဘော်မုန်တိုင်းနှင့် ရဲဘော်နိုင်ကြီးတို့သည် တပ်ဖွဲ့ပိုင် ရွှေ ၁၆.၆ ပိဿာကို လုပ်ထုံးလုပ်နည်းများနှင့် မညီဘဲ ထုတ်ယူခဲ့ကြောင်း တွေ့ရှိရပြီး၊ နှစ်ဦးစလုံးက အဆိုပါကိစ္စနှင့် ပတ်သက်၍ ဝန်ခံထားသော်လည်း ပြန်လည်အပ်နှံခြင်းမရှိသေးကြောင်းဖော်ပြထားသည်။ ယင်းကြောင့် ၂၀၂၅ ခုနှစ် နိုဝင်ဘာလမှစတင်ကာတာဝန်များအားလုံးမှရပ်ဆိုင်းခြင်း၊ လက်နက်ဖြုတ်သိမ်းကာ အချုပ်ဖြင့် ထိန်းသိမ်းခြင်းများ ဆောင်ရွက်ထားပြီး လက်ရှိတွင် စစ်ဘက်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကောင်းမွန်စွာထိန်းသိမ်းထားကာ စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း ကာကွယ်ရေးဝန် ကြီးဌာနက အသိပေးထားသည်။

https://www.facebook.com/share/p/17uv-jZ6jda/

## လူမှုရေးရာဦးစီးဌာနနှင့် စစ်ကိုင်းဖက်ဒရယ်ယူနစ် ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေး ကျင်းပ

လူမှုရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံများ လွှဲပြောင်းအပ်နှံခြင်းနှင့် စစ်ကိုင်းဖက်ဒရယ်ယူနစ်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို ဇွန် ၁၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ အစည်းအဝေးတွင် မြို့နယ်တာဝန်ခံများ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဘတ်ဂျက်နှင့် အစီရင်ခံစာတင်ပြမှုစနစ်များ၊ မြေပြင်အခက်အခဲများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် လူမှုရေးရာဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ဖက်ဒရယ်ယူနစ်နှင့် ပူးတွဲဆောင်ရွက်မည့်စနစ်ဖြင့် အဆင့် လိုက် လွှဲပြောင်းသွားရန် သဘောတူညီခဲ့ပြီး ဖက်ဒရယ်စနစ် အကောင်အထည်ဖော်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းမှုများကို ဆက်လက်မြှင့်တင် သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

https://www.facebook.com/share/p/1B-5CECJHrr/

## ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ အစည်းအဝေး ကျင်းပ

ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှုဗဟိုကော်မတီ အစည်းအဝေး(၁၆/၂၀၂၆)ကိုဇွန်၁၈ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။ အစည်းအဝေးတွင်ယခင်အစည်းအဝေး၌ ချမှတ်ထားသည့် လုပ်ငန်းစဉ်များ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

book.com/share/p/1NrGpiveVh/

## မကွေးတိုင်း ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များနှင့် ဗဟိုကော်မတီ တွေ့ဆုံဆွေးနွေး

ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှုဗဟိုကော်မတီနှင့် မကွေးတိုင်း ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ၏ တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၁၇ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အစည်းအဝေးတွင် အုပ်ချုပ်ရေးဆိုင်ရာ ပေါင်းစပ်ဆောင်ရွက်မှုများနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး မြို့နယ်အဆင့် တာဝန်ရှိသူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။ အဆိုပါ အစည်းအဝေးသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မကွေးတိုင်းမှ မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း ထုတ်ပြန်ထားသည်။

https://www.facebook.com/share/p/18y3z8YLwq/

## မန္တလေးတိုင်း ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များနှင့် ဗဟိုကော်မတီ တွေ့ဆုံဆွေးနွေး




ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီနှင့် မန္တလေးတိုင်းပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ၏ တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၁၀ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အစည်းအဝေးတွင် အုပ်ချုပ်ရေးဆိုင်ရာ ပေါင်းစပ်လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး မြို့နယ်အဆင့် တာဝန်ရှိ သူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါ အစည်းအဝေးသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မန္တလေးတိုင်းမှ မြို့နယ်ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

https://www.facebook.com/share/p/1Fupx-itqwk/